

" မဟာဝိဇယရံသီ "
ပုထိုးတော်ကြီးဘုရားသမိုင်း

(မှူးဗိုင် – ဒေါ်ရှင်)

ရိုစစ္စကြီး ပြုလုပ်ပြီး။

ဂုဏဝတီစာပုံနှိပ်တိုက်၊ ဓါးတန်း၊ မန္တလေးမြို့၊



ထီးတော်ကြီးအရွှေချကင်လှူရန်ပြင်ဆင်ထားသော
အမရပူရရွှေမြို့တော်ရှိ
မဟာဝိဇယရံသီ

ပုထိုးတော်ကြီးဘုရားပုံတော်အစစ်။

၁၃၁၉-ခု၊တော်သလင်းလ

မဟာဝိဇာရံသီ

ပုထိုးတော်ကြီးသမိုင်း။

ရတနတ္တယံ အဟံ ဝန္ဒာမိ၊ ၊ရာဇဝံသ၊စေဘီသနှင့်၊သာသနံစကား၊ဤသုံးပါးကို၊မှတ်သားစေရန်၊စီမံပြုပေအံ့၊ ၊မြတ်စွာဘုရားမပွင့်တော်မူမီတကောင်းပြည်၌မင်း၃၃၊ဘုရားပွင့်တော်မူပြီးနောက် ၁၇ ယောက်မြောက်၊သတိုးမဟာမင်း၏သား၊မဟာသမ္ဘဝ၊စူဠသမ္ဘဝတို့သည်၊ဘုရားပရိနိဗ္ဗာန်ပြု၍အနှစ် ၆၀ ရှိသောအခါသရေခေတ္တရာ၌မင်းပြု၏၊ ၊သရေခေတ္တရာပြည်၌ မင်း (၂၇)ဆက်၊ ၎င်းအနက် (၂၅)ဆက်မြောက် သုမုန္ဒြီမင်းလက်ထက် သက္ကရာဇ်-၆၂၂ ကိုဖြို၍အတို့ ၂ခုထား၏၊ပေါက္ကံပြည်၌မင်း-၅၅၊၎င်းအနက် ၁၃ဆက်မြောက်သိုက်တိုင်မင်းမှစ၍ သုံးကျိပ်သောမင်းတို့သည် သာသနာတော်မှအပ မိစ္ဆာဝါဒဖြစ်ကြ၏၊ထို့နောက်၊အနော်ရထာမင်းမြတ် လက်ထက်သာသနာကိုကောင်းစွာပြုမှ၊သက်နိုးရောင်ကို ဖူးမြင်ရလေသည်၊ ၎င်းပြည်၌ နှစ်ကျိပ်တယောက်မြောက်သဃ်ရာဇ်မင်းလက်ထက်သက္ကရာဇ်၅၆၀ဖြို၍၊အတို၂-ခုထားသဖြင့် ယခုတိုင်တိုးပွါးလေသည်၊မြင်စိုင်းမြို့-မကွရာမြို့၌မင်းတဆက်စီ၊ ပင်းသမြို့၌မင်း ၆ ဆက်၊၎င်းနှင့်ပြိုင်၍စစ်ကိုင်းမြို့၌ မင်း-၅-ဆက်၊အင်းဝမြို့၌ မင်း-၂၉၊၎င်းအနက်၁၃-ဆက်နှင့်ပြိုင်၍တောင်ငူမြို့၌မင်း-၄-ဆက်၊၎င်းအင်းဝမြို့မင်း-၂၉-တွင်အဆုံးဖြစ်သောတောင်ငူရာဇာ၊ ဟံသာဝတီမင်းမြတ်ဖြစ်သတည်း၊

၁ ၎င်းမင်းလက်ထက်၊တလိုင်းတို့ဘေးကြောင့်အင်းဝမြို့ပြည်တော်ကြီး ပျက်စီးတိမ်းပါးသဖြင့်၊ အလောင်းမင်းတရားကြီးသည်ဘုန်းထက်ရုံးအာဏာဖြင့်တလိုင်းတို့ဘေးရန်ကို နှိပ်နင်း၍၊၁၁၁၄-ခု၊ရွှေဘိုးရွှေနန်း သိမ်းမြန်းစံပယ်တော်မူ၍၊နန်းစံ(၈)နှစ်-နံတော်–သောကြာ၊သက်တော်(၄၅) နှစ်(၈)လတွင်နတ်ရွာစံလွန်တော်မူသည်၊

၂ ၎င်းနောက်၊သားတော်အကြီးဆင်ဖြူရှင်မင်းတရားကြီး သည်ခမည်းတော်အရိုက်အရာကို–၁၁၂၂-ခုနှစ် ဆက်ခံ ဝိုးစံတော်မူ၍ နန်းစံ(၃)နှစ်(၆)လ၊ နံတော်အင်္ဂါသား၊ သက်တော်(၂၉)နှစ်[၄]လတွင် နတ်ရွာစံတော်မူသည်၊

၃ ၎င်းနောက်၊ ညီတော်ဆင်ဖြူရှင် မင်းခြတ်သည်၊နောင်တော်၏အရိုက်အရာရွှေထီးရွှေနန်းကို ၁၁၂၅-ခုဆက်ခံ သိမ်းပိုက်တော်မူ၍၊နန်းစံ(၁၂)နှစ်(၆)လ၊တနင်္ဂနွေသား သက်တော်(၃၉)နှစ်(၁၀)လတွင်နတ်ပြည်စံတော်မူသည်၊

၄ ၎င်းသားတော်စဉ့်ကူးမင်းသည်ခမည်းတော်အရိုက်အရာကို၊၁၁၃၈-ခုနှစ် ဆက်ခံတော်မူ၍၊နန်းစံ(၅)နှစ်(၈)ထ တနင်္လာသား၊သက်တော်(၂၅)နှစ်(၅)လတွင်နတ်ပြည် စံတော်မူသည်၊

၅ ၎င်းနောက်၊ဆင်ဖြူရှင်မင်းတရား၏သား၊ ဖေါင်းခါးစား မင်းသည်၊၁၁၄၃-ခုရွှေထီးရွှေနန်း၊သိမ်းမြန်း၍ နန်းစံ(၇) ရက်၊ကြာသပတေးသား၊သက်တော်(၁၈)နှစ်-၄လတွင် နန်းကျတော်မူသည်၊

အလောင်းမင်းတရားကြီး၏သားတော်အငယ်၊အမရပူရ မြို့တည်နန်းတည်ဘိုးတော်မင်းတရားသည်၊၁၁၄၃ ခုရွှေ

ထီးဆွေနန်းသိမ်းမြန်းပိုးစံတော်မူ၍၊နန်းစံ(၃၇)နှစ်(၃)လ၊
နံ့တော်တနင်းလာ၊ သက်တော်(၇၄)နှစ်(၂)လတွင်လူ့
ပြည်ငြီး၍၊နတ်ဘီးစံတော်မူသည်၊

၇* ဖင်းမင်း၏မြေးတော်စစ်ကိုင်းမင်းသည် ၁၁၈၁ ခု၊ဘိုးတော်
မင်းတရား၏အရိုက်အရာ ဆွေထီးဆွေနန်း သိမ်းမြန်းစံပွယ်
တော်မူ၍၊နန်းစံ(၁၈)နှစ်၉ရက်၊နံ့တော် သောကြာသား
သက်တော်(၅၃)နှစ်တွင်နတ်ပြည်ဝင်တော်မူသည်၊

၈ ဖင်းမင်း၏ ညီတော်ဆွေဘိုမင်းသည်၊ ၁၁၉၉–ခု၊ နောင်
တော်မင်းတရား၏အရိုက်အရာကိုခံယူ၍၊ နန်းစံ(၉)နှစ်၊
နံ့တော်ဗုဒ္ဓဟူး သက်တော်(၆၀) တွင်နတ်ပြည်စံတော်မူ
သည်၊

၉ ဖင်းမင်း၏ သားတော်ပုဂံမင်းသည်၊ ၁၂၀၈–ခု၊ခမည်း
တော်ဆွေဘိုမင်း၏ အရိုက်အရာကို ဆက်ခံ ပိုးစံတော်မူ၍၊
နန်းစံ(၆)နှစ်၊နံ့တော်သောကြာ၊သက်တော်(၄၁)နှစ်တွင်
ညီတော် မင်းမြတ်အား ဆွေထီးဆွေနန်းကို လွှဲအပ်တော်မူ
သည်၊

၁၀ ဖင်းမင်း၏ ညီတော်-မင်္ဂလာသားမြို့တည်နန်းတည် ပဉ္စမ
သင်္ဂါယနာတင်မင်းမြတ်သည်၊ ၁၂၁၄ခုနှစ်နောင်တော်၏
အရိုက်အရာ ဆွေထီးဆွေနန်းသိမ်းမြန်း၊ပိုးစံတော်မူ၍၊ နန်းစံ
(၂၆)နှစ်၊နံ့တော်အင်္ဂါသား၊သက်တော်(၆၅)နှစ်တွင်နတ်
ပြည်စံ ပွန်တော်မူသည်၊

၁၁ ဖင်းမင်းတရား၏ သားတော် သီပေါမင်းသားသည်၊
၁၂၄၀ ပြည့်နှစ်၊ခမည်းတော်၏ အရိုက်အရာဆက်ခံပိုးစံ

တော်မူ၍၊ နံတော်စနေသားနန်းစံ(၈)နှစ်တွင်အွန်နန်းစည်း စိမ်ကို၊ သီလဝမင်းများပယ်လွှဲအပ်တော်မူ၍ ရတနာဂီရိ တွင်စံပယ်တော်မူသည်။

ဤသို့မြန်မာရာဇဝင်သ,အကျဉ်းမျှပြဆိုရာ၊ရတနာသိင်္ဃ၊နဝမ ကုန်းဘောင်၊ မန်ကြီးဆောင်ပဟုဘုန်းရောင်နန်းပိုမှုဆိုင်းပိုနှင်ရွှေ ဘိုဟူသော အမည်ငါးဖြာ၊ ကမ္ဘာသုံးအောင်တည်လတ် သော မြို့တော်ကြီးအရှင်၊ ဘုရင်အလောင်း၊ မင်းတရားကြီး ဘုရား၏အဆက်အနွယ်တော်တွင်၊ ဤမဟာဝိဇယရံသီစေတီ တော်ကြီး၏ဒါယကာ၊ မဟာပဉ္စယနာဂဆဒ္ဒန်သခင်၊ အသျှင် ဘဝရှင်မင်းတရားကြီးဘုရားသည်၊ဘိုးတော်၏အရိုက်အရာ၊ မြန်မာရဋ္ဌ၊ အမရပူရ၊ အယုဇ္ဈာတရထည်၊ ရွှေပြည်တော်နန်း၊ သိမ်းမြန်းပိုးစံတော်မူသောအခါ၊ အထက်ဘေးလောင်းတော် ဘိုးလောင်းတော်တို့ရှင်ပျော်စိတ်ဝမ်း၊ နတ်ငြိမ်းတမျှသော လူ၏စည်းစိမ်ကိုခံစားစံစားတော်မူကြ၍ ဒေဝကြွဲဌာန်းနတ်နန်း ဝင်စံတော်မူကြရာ၊ ရတနာရွှေငွေ အထွေထွေသော သက်ရှိ သက်မဲ့ ပစ္စည်းဥစ္စာရတနာတို့ကို ရွှေတိုက်တော်စာရင်းကျယ် ဖြင့်ဘင်လျှောက်သည်ကို ကြားသိတော်မူရလျှင်၊ အလောင်း တော်မဟာသုမေဓါသည်၊ များစွာသောဓမ္မသံဝေဂ၊ ဩတ္တပ္ပ စိတ်၊ ပညိဗိတ်တော်မူဘိ၏သို့၊ ငါ၏ဘေးလောင်းတော်–ဘိုး လောင်းတော်တို့သည်၊ အတိုင်းမသိမရေတွက်နိုင်သော ရွှေ တုံးငွေရုံ၊ ပတ္တမြားတုံး တို့ကိုပုံရုံးသိုထားလျက်ကြွေသွား နတ်ထံသို့သာဝင်စံတော်မူကြသည်။

ငါကိုယ်တော်အရှင်မြတ်မူကား၊ ဘေးတော်ဘိုးတော်တို့ ပစ်ထွန်းသွားခဲ့သော များပြားသော ရွှေငွေရတနာအဖြာဖြာတို့ကို အပါယူဆောင်လျက်၊ နောင်သံသရာ၊ ဖြစ်လေရာဘဝ၊ သမ္မာသမ္ဗောဓိ ဉာဏ်ရှိကို၊ မိမိသက်ရောက်၊ အထောက်ပါရမီ၊ ဖြည့်ညီဆည်းပူးတော်မူအံ့ဟု ရည်သန်တော်မူလျက်၊ ဗိုလ်ညီသော အပုံတွင် အမိန့်တော်မြတ် မှတ်တော်မူသည်ကား — ငါကိုယ်တော်အရှင်မြတ်ဘွဲ့ ဘိုးဘွားနွယ် သိမ်းမြန်းပိုးစံတော်မူသည်မှ စ၍ ငါ၏နိုင်ငံတော်ကြီးအတွင်း၊ ရေကင်း၊ ကြည်ဘင်း၊ ခပင်း၊ များစွာတို့၌ အခွန်အတုတ် အကောက်အစား အချုပ်ချုပ်တို့လွှတ်ငြိမ်းချမ်းသာလျက် ပြည်သူပြည်သားတို့ကောင်းမွန်စွာရောင်းဝယ်ကူးသန်းစားသောက်နေထိုင်ကြစေ၊

ရွှေတိုက်တော်မှ ငွေတော်တို့ကို ရပုံထားတော်မူပြီးလျှင် မင်းညီမင်းသား မှူးတော်မတ်တော်အပေါင်းတို့အား သည်း မိမိတို့ချီနိုင်သမျှယူဆောင်ကြစေ နေပြည်တော်နိုင်ငံအတွင်း ဆင်းရဲသားတို့အပေါ်၌ နှိပ်စက်ညှဉ်းပန်းတောင်းယူမှုကြစေနှင့်ဟု အမိန့်တော်မြတ် မှတ်တော်မူပြီးလျှင် ထပ်မံအမိန့်တော်ရှိတော်မူသည်ကား၊ ရှေးရှေးသော အဇာတသတ်မင်း သီရိဓမ္မာသောကမင်း၊ ဒေဝါနံပိယတိဿမင်း၊ ဒုဋ္ဌဂါမဏိစသော သာသနာပြုမင်းကောင်း မင်းမြတ်တို့သည် မြတ်စွာဘုရား၏ မွေတော်ဓာတ်မြတ်တို့ကို နတ်လူတို့အရှည်သဖြင့် ပူဇော်ကိုးကွယ်ရန် စေတီတည်ထား ကိုးကွယ်တော်မူကြသည်၊ ၊ငါအသျှင်မင်းမြတ်သည်သည်း သာသနာပြုမင်းမြတ် ဖြစ်သည်နှင့်အညီ မြတ်စွာဘုရား၏ ဓာတ်တော် မွေတော်တို့ကို စေတီတော်မြတ် ဗျာက်ပတ် ကောင်းမွန်စွာ

တည်ထားကိုးကွယ် ပိုးသော အာသာသနာ့ သည့် ပဌမသင်
ရွှယ်စဉ် အခါကပင် ကြံစည်တော်မူမိသည်ဟု မိန့်တော်မူ
လျှင်၊ မှူးမတ်တို့ဘင်လျှောက်သည်မှာ၊ ဘုန်းတော် အလွန်
တရာကြီးမြတ်တော်မူလှသော အရှင်မင်းမြတ်၏ ဘိုးတော်
မင်းတရားကြီးဘုရား လက်ထက်တော်အခါ မဟာဗောဓိပင်
သို့ပူဇော်လှူဒါန်းစေလွှတ်တော်မူရာ၊ နတ်ကောင်းနတ်မြတ်တို့
ပြသလိုက်သော စေတီတော်ကို ပုံလွှာကူးယူလျက်၊ ဘိုးတော်
မင်းတရားကြီးဘုရားအား ၎င်းစေတီတော်ပုံလွှာကိုမှူးမတ်
တို့ဆက်သရာ၊ ဖူးမြင်ကြည့်ရှုတော်မူပြီးမှ၊ သားကြီးရင်နှစ်၊
မြေးတော်ချစ်သည်၊ ကသက်ဘုံခန်း၊ သိကြွားငြမ်းသို့၊ ရွှေနန်း
ဦးကိုင်၊ မျိုးပိုင်စိုးချုပ်၊ မင်းလုပ်သော အခါ တည်ရစ်ထတ့်ဟု
မနောစိတ်သန် ကြံစည်တော်မူ၍ ထားတော်မူသော ၎င်းစေ
တီတော်ပုံစံအလွှာ ရှိပါကြောင်းနှင့် မှူးမတ်တို့ဘင်ပြဆက်
သွင်း၊ သည်ကိုဖူးမြင်တော်မူရသဖြင့် အလွန်ဝမ်းမြောက်တော်
မူလှသဖြင့်၊ အမရပူရ ရွှေမြို့တော် အနောက် ဘောင်းထောင့်
အရပ်၌၊ "သိရိမဟာဓမ္မဝတိဇယ သိဟသူရ" အမည်တော်
ရှိသော၊ မဟာဥပရာဇာခမည်းတော်နှင့်မယ်တော်နှစ်ပါးတို့
ပြုစုတော်မူသော ကုသိုလ်တော်ဟောင်း ကျောင်းတိုက်ကြီး
အတွင်း၊ ကျောင်းတော်ကြီးများ၊ မီးသင့်လောင်ကျွမ်းသဖြင့်
လစ်လပ်ရှိသည့် ၎င်းနေရာ၌ သီဟိုဠ်မဟာ စေတီပမာဏစေ
တီတည်ထွတော်မူမည် ရည်သန်တော်မူပြီးလျှင် ရွှေနန်းဦးကင်း
ပွင့်တော်မူသည်ဖြင့် တမြို့နက်ငွေတော်ဘသိန်းရှစ်သောင်း
ငါးထောင်နှစ်ရာတော်ကျော်၊ ရွှေတိုက်တော်မှထုတ်၍-၁၁၈၀-ခု၊
တန်းခူးလဆန်း-၁၂-ရက်၊ အင်္ဂါနေ့-ညဉ့်-၂-ပဟိုရ်ချိန်ကျော်

ဗုဒ္ဓဟူးနေ့သို့အဝင်အသိမ်းအသန်းမကသောစစ်သည်ဗိုလ်ပါ အပေါင်းခြံရံလျက်သရက်တောဥယျာဉ်သို့ ထွက်တော်မူပြီး လျှင် ပဉ္စမအုတ်မြစ်ကိုယ်တော်တိုင်ကိုင်၍ ရွှေအုတ်ချတော်မူ သည်၊

စေတီတော်ကြီး ပဉ္စမအုတ်မြစ်ချတော်မူသည့်နေ့မှစ၍ ရွှေနန်းရှင်ဘုရားသည်နေ့စဉ်ဘွားတော်မူ၍ကြပ်မတည့်တော် မူသည်၊

၎င်းစေတီတော်ကြီးတည်ထားဌာပနာပုံ အကျဉ်းချုပ်အား ဖြင့်ကျုံးကြီး—၂ တန့်ပတ်ခြံ ပြုလုပ်လျက်၊ ဌာပနာတိုက်ကြီး —၄—တိုက်၊ တိုက်ငယ်—၁၂—တိုက်၊ တိုက်ကြီး၄—တိုက်အ ကျယ်အချင်းမှာ၊ အတွင်းခွင်ကျ အလျားသံတောင် (၂၆)၊ အနံ (၅) တောင်၊ အမြင့်စောက် (၁၈) တောင်ရှိသောတိုက်ကြီး ၄—တိုက် ပြုလုပ်ပြီးမှ ရွှေပန်းတိမ်သည် —၁၂၀ကျော်တို့ သွန်းလုပ်အပ်သောရွှေချိန်-၁၆-ပိဿာ ရှိ၊ ကကုသန် ဘုရား၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမဘုရားရှင်—၄—ဆူတို့၏ရုပ် ပွားတော်များကို၊ တိုက်ကြီးတတိုက်၌ တဆူကျထား၍ဌာပ နာသော အစီအရင်ကား……

မဟာဝိဇယရံသီ-ပုထိုးတော်ကြီးဘုရားတွင်ဌာပနာသော ရွှေကိုယ်လေးရုပ်ပုံတော်ပေါင်းစာရင်းကျယ်၊

မြောက်ဘက်ဌာန၊ ပဉ္စမတိုက်တော်ကြီး၌သီဟာသနပလ္လင် တော်—ရွှေချိန်၁၆ပိဿာ၊ ကကုသန်မြတ်စွာဘုရား၏ရုပ်ပွား တော်မြတ်ကျိန်းဝပ်စမ္ပယ်တော်မူဟန်၊

အလောင်းဘုရားကြီးမင်းမြေဝံတန်ဆာဆင်၍ပူဇော်ဟန်၊
ရှင်းမိဘုရားကြီး မလ္လိကာတန်ဆာဆင်၍ ပူဇော်ဟန်၊
ဆင်ဖြူး ရှင်မင်းမြောက်တန်ဆာဆင်၍ ပူဇော်ဟန်၊
ဆင်ဖြူ ရှင်မင်းမြောက် တန်ဆာဆင်၍ ပူဇော်ဟန်၊
စဉ့်ကူးမင်းမင်းမြောက် တန်ဆာဆင်၍ ပူဇော်ဟန်၊
ဖောင်းကားစား မင်းမြောက်တန်ဆာဆင်၍ ပူဇော်ဟန်၊
အမရပူရမြို့တည် ဘိုးတော်မင်းမြောက်တန်ဆာဆင်၍ ပူဇော်ဟန်၊
ဘွားတော်မလ္လိကာတန်ဆာဆင်၍ပူဇော်ဟန်၊
ခမည်းတော်ဇမ်ဗြဲမင်း—မင်း မြောက်တန်ဆာဆင်၍ ပူဇော်ဟန်၊
မယ်တော်မလ္လိကာတန်ဆာဆင်၍ ပူဇော်ဟန်၊
စစ်ကိုင်းမင်းဘုရားဒါယကာ မင်းမြောက်တန်ဆာဆင်၍ ပူဇော်ဟန်၊
ရှင်းမိဘုရားကြီး မလ္လိကာတန်ဆာဆင်၍ ပူဇော်ဟန်၊
ရှင်းမင်းရုပ်ပုံတော်များမှာမိဘုရားရုပ်ကိုယ် စီးစီးအနှင်း အဆောင်အရွက်ကိုယ်စီနှင့် ဘေးလောင်းတော် ဘိုးလောင်းတော်တို့ကိုဖေ့ကိုယ်လေးရုပ်ပုံတော်ထုလုပ်၍ မြတ်စွာဘုရားကိုရှိခိုးပူဇော်ဟန်၊

တောင်ဘက်ဌာန တိုက်တော်ကြီး၌ မိဂါသနပလ္လင်တော်ရွှေချိန်-၁၆ မိဿာရှိကောဏာရ မြတ်စွာဘုရား၏ ရုပ်ပွါးတော်၊

ဘိုးတော် ဘုရားတော်တို့၏ရုပ်ပုံတော်များကိုမင်းမြောက် တန်ဆာငါးပါးဆင်ယင်လျက်ရှိခိုးပူဇော်နေဟန်၊

၎င်းမင်း၏သားတော်(၆၇)သမီးတော်(၆၇)မြေးယောကျ်ား (၁၁၃)၊ မြေးမိန်းမ (၈၀)။ မြစ်ပေါ (၄၃၃)သော ဆွေတော် မျိုးတော်တို့၏ရုပ်ပုံတော်များကို မိမိတို့ အဆင်းတန်ဆာများ ဆင်ဝတ်လျက်မြတ်စွာဘုရားအားရှိခိုးပူဇော်နေဟန်၊

ဤရုပ်ပုံများကို လူမျှရှိရှိ၊ မိမိတို့ကိုယ်အလေးရှိ ရွှေငွေကို သွန်းလုပ်၍ဌာပနာစေသည်၊

အနောက်ဘက်ဌာန-တိုက်တော်ကြီး၌ ဘမရာသနပလ္လင် တော်အလေးချိန်(၁၆)ပိဿာရှိ ကဿပမြတ်စွာဘုရား၏ရုပ်ပွါး တော်၊

နတ်ရွာစံလွန်တော်မူကုန်ပြီးသော သက်ရှယ်ကြီးရင် ဖြစ် ကုန်သော ဘေးတော်၊ ဘုရားတော်တို့၏ရုပ်ပုံတော်များကို မင်း မြောက်တန်ဆာဆင်ယင်လျက်ရှိခိုးပူဇော်နေဟန်၊

၎င်းတိုက်ကြီး၌လည်း အထက်နည်း ဌာပနာတော်မူစေ သည်၊

အရှေ့ဘက်ဌာနတိုက်တော်ကြီး၌၊ပဒုမာသနပလ္လင်တော် ဂေါတမ-မြတ်စွာဘုရား၏ရုပ်ပွားတော် အလေးချိန်(၁၆)ပိဿာရှိ စပွယ်သီတင်းသုံးတော်မူဟန်၊

မဟာဝိဇယရံသီစေတီတော်ဒါယကာ မင်းတရား၏ရုပ်ပုံ မင်းမြောက်တန်ဆာငါးပါးဆင်ယင်လျက် မြတ်စွာဘုရားကို ရှိခိုးပူဇော်နေဟန်၊

လက်ျာဘက်က ဆင်ဖြူမယ်ဒီဘုရားကြီး ပလ္လင်္ကာဆင် မြန်းလျှက်ပန်းပူဇော်ကန်တော့နေဟန်၊

အတွင်းဝန်လေးပါး၊ ပြင်ဝန်လေးပါး ခစားမြဲ အတိုင်း မိမိတို့ ဝတ်ဆင်သော ပေါင်းနားချောင်းဆင်၍ ရှိခိုးပူဇော် နေဟန်၊

ဤရုပ်ပုံများကိုလည်း၊ ရွှေငွေတို့ကို အချိန်ကိုယ်လေးသွန်း စေလျှက်ဌာပနာတော်မူစေသည်၊

တိုက်ကြီး-၄-တိုက်နှင့်တိုက်ငယ် ၁၂-တိုက်တို့၌ဌာပနာ တော်မူသော ဓာတ်တော်,မွေတော်,စေတီရုပ်ပွါးတော်တို့၏ စာရင်းကိုရေးထွမ်း၍အကျဉ်းချုပ်မှတ်သားရန်ဇယားချ၍ပြ သပါအံ့။

မဟာဝိဇယရံသီ
ပုထိုးတော်ကြီးဘုရားဌာပနာတော်မူသော
ရွှေတိုက်စာရင်း၊

ပဌမသွန်းရွှေဆင်းတု	၁၆၀၀	ပဌမသွန်းငွေဆင်းတု	၁၀၀၀
ဒုတိယသွန်းရွှေဆင်းတု	၁၀၀	ဒုတိယသွန်းငွေဆင်းတု	၁၀၀
တတိယသွန်းရွှေဆင်းတု	၅၀	ပတ္တမြားဆင်းတု	၃-ဆူ
စတုတ္ထသွန်းရွှေဆင်းတု	၄၅	မြဆင်းတု	၃-ဆူ
ပဉ္စမသွန်းရွှေဆင်းတု	၄၀	ပယင်းဆင်းတု	၄၉
ပဌမသွန်းရွှေစေတီ	၆၆၀	ဖန်ဆင်းတု	၁၂
ဒုတိယသွန်းရွှေစေတီ	၄၉၀	ဖန်စေတီ	၁၇
မိုးကြိုးစေတီပတ္တမြားစီ	၆၇၀	ရွှေဆင်းတု	၄

ရွှေဆင်းတု	၇၇၀	သလွဲဆင်းတု	၆၁၀၂၀
ရွှေစေတီ	၈၃	စလင်းပိန်ဆင်းတု	၉၂၇
မိုးကြိုးဆင်တု	၃-ဆူ	နံ့သာဆင်းတု	၂ဆူ
ငွေဆင်းတု	၂၇၀၁၇	ဒင်္ဂါလာသာခါဆင်းတု	၅၂
ငွေစေတီ	၁၇	ရွှေချဆင်းတု	၂၉၂
ပဥ္စလောဟာဆင်းတု	၁ ဆူ	ဇဟာန်းဆင်းတု	၄၉
ပဌမသွန်းကြေးဆင်းတု	၆၀၉၅	ပိဋကတ်သုံးပုံပေစာထုတ်အစုံ	
ဒုတိယသွန်းကြေးဆင်းတု	၄ ဆူ	ပတ္တမြားကျောက်စီတင်းပေါင်း	၃၆

ဌာပနာခလ်း။

၁ တသောင်းသော စကြဝဠာတိုက်၌ နေကုန်သော နတ်ဗြဟ္မာအပေါင်းတို့သည် အလောင်းတော်နတ်သားဘုရားဖြစ်ချိန်တန်ပါပြီဟု တောင်းပန်သောအခလ်း၊

၂ အလောင်းတော်နတ်သားသည်၊ ငါးပါးသောကြည့်ခြင်းဖြင့်ကြည့်တော်မူ၍ မယ်တော်ဝမ်း၌ ပဋိသန္ဓေစွဲနေတော်မူခလ်း၊

၃ အလောင်းတော်မင်းသားဖွါးတော်မူသောအခလ်း၊

၄ အလောင်းတော်သိဒ္ဓတ်မင်းသားသည် (၁၆)နှစ်ရောက်သောအခါ ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းတို့၏အလယ်၌၊တဆဲ့ရှစ်ပါးသောအတတ်တို့ကိုပြတော်မူခလ်း၊

၅ အလောင်းတော်သည်၊သူအို,သူနာ,သူသေ,ရဟန်း၊၊ လေးခန်းသောနိမိတ်ကိုမြင်တော်မူခလ်း၊

၆ ထေးပါးသော နိမိတ်ကြောင့်၊ ဘုရားစိတ်တော်မငြိမ်သက်၍ တောထွက်တော်မူသောအခန်း။

၇ အနော်မာမြစ်ကမ်းဝယ်၊ ဃဋိကာရဗြဟ္မာဒါန်းသောသင်္ကန်း ကိုဝတ်ရုံ၍အလုံးစုံတရားကိုအားထုတ်တော်မူခန်း။

၈ ပဉ္စဝဂ္ဂီငါးဦးတို့၊ စိတ်ကျူးတမျိုးထား၍၊ ရှောင်ရှားစွန့် ခွါပြီး သေခင်းလျှာဗုဒ္ဓအားပစ်ထားခဲ့သောအခန်း။

၉ အလောင်းတော်ပုဂ္ဂိုလ်သည်၊ ရာဇဂြိုဟ်သို့ဆွမ်းခံကြွ၍ ပဏ္ဍဝတောင်ခြေရင်းတွင်၊ ဖြည့်တင်းဆွမ်းစားသော အခန်း။

၁၀ သူဌေးသမီးသုဇာတာ၏၊ နတ်သုဓါဂထာဆွမ်းကိုမြစ် ကမ်းနေရဥ္ဇရာနှိက် မှုတစွာဘုဉ်းပေး၍ ရေးရေးသော ဘုရားလောင်းတို့ဝမ္မထာနှုက်မျှောတော်မူခန်း။

၁၁ ဗောဓိပင်အောင်ခန်းသို့မြင့်ကြွတော်မူရာ၊ သဥ္ဇု ရွှင်ရွှင် သုဒ္ဓိယဝစင်၊ ကြည်လင်စွာ ယူဒါန်းသော၊ ရှစ်ဆုပ်နှန်း မြက်ဖြူဆံကို အရှ ခံတော်မူ၍၊ မြေငူအပွဲရာဗိ၊ ဘုမ္မိ အောင် မြေဗုဒ္ဓဟောပင်မင်း၏အောက်၊ အနှစ်ရှ မြောက်-၄-တောင် ကွာတွင်မြက်နေရာခင်းတော်မူခန်း။

၁၂ ဗောဓိပင်ရှေ့ပလ္လင်၌ နေတော်မူသောအခါ၊ သိကြား မင်းက ဝိဇယုတ္တ ခရုသင်းကိုမှုတ်ဟန်၊ ။ဗြဟ္မာမင်း ကထီးဖြူမိုးဟန်၊ ။သုယာမနတ်မင်းကသားမြီးယပ် ခပ်ဟန်၊ ။သန္တုသိတနတ်မင်းကပဏ္ဏမြားယင်ဖြင့် ခပ်ဟန်၊ ။ပဥ္စသိခနတ်သားကစောင်းတီးဟန်၊ ။ များစွာသောနတ်တို့အထူးထူးပူဇော်ဟန်၊ ။ငင်းအနိုး

ဂိရိမေခလာဆင်ကိုစီး၍၊ မာရ်နတ်ကြီး စစ်ထိုးဟန်နှင့် တကွ အောင်မြင်တော်မူ၍ ထိုပလ္လင်၌ (၇) ရက်စံနေတော် မူသောအခန်း။

၁၃ ဗောဓိပင်မှ အရှေ့မြောက် ၄ – လံ ကွာ၌၊ အနိမိသ သတ္တာဟအခန်း။

၁၄ ဗောဓိပင်မှ မြောက်အရပ်၌ စင်္ကမသတ္တာဟအခန်း။

၁၅ ဗောဓိပင်မှ အနောက်မြောက်အရပ်၌ ရတနာဃရ အိမ်၌စံနေတော်မူသောသတ္တာဟအခန်း။

၁၆ ဗောဓိပင်မှအရှေ့အရပ် ၃၂ – လံကွာ၌၊ အဇပါလ၌ စံနေတော်မူသောအခါ မာရ်နတ်မင်း၏သမီး၊ တဏှာ၊ အရတိ၊ ရာဂ သုံးယောက်တို့မြတ်စွာဘုရားကိုပျက်စီး ကြောင်းဖြင့်ဖြားယောင်းဖျက်ဆီးသောအခန်း။
ဟုံ ဟုံ ကပုဏ္ဏားပြဿနာ မေးဟန်။

၁၇ ဗောဓိပင်မှ အရှေ့တောင်အရပ် ၅၂ လံကွာ၊ မုစလိန္ဒာ အိုင်အနီး ကျည်းပင်ကြီးအမြင်း၌ မုစလိန္ဒနဂါးမင်းပါး ပျဉ်းဖြင့်အုပ်မိုး၍ပူဇော်နေသောအခန်း။

၁၈ ဗောဓိပင်မှတောင်မျက်နှာအလံ ၄၀ ကွာ၊ လင်းလွန်း ပင်သတ္တာဟ၌စံနေတော်မူရာ၊ ဿိကြဲ့သားမင်းကြဖုသီးနှင့် ကွင်းရိုး၊ ဝန်ပု အနောဒက်ခဲမျှား ကပ်လှူဟန်နှင့်၊ တ ဖုဿ၊ ဘလ္လိကညီနောင်တို့ ပျားမုံ့ ဆုပ်ကြက်ဟောစ်မုံ့ တို့ကိုကပ်လှူဟန်၊ စတုမဟာရာဇ်နတ်မင်းကြီး-၄-ယောက် သပိတ် – ၄ လုံးကပ်လှူဟန်။

၁၉ သဟမ္ပတိဗြဟ္မာမင်းသည်၊ မြင်းမိုရ်တောင်မျှ ပမာဏ

အလွန်ဆုံး၊ရွှေပန်းကုံးဖြင့် ပူဇော်၍တရားဟောတော်မူပါဟုတောင်းပန်သောအခါ၊

၂၀ ပဉ္စဝဂ္ဂီ ၅-ဦးတို့အားတရားဟောတော်မူရန်မိဂဒါဝုန်သို့ကြွတော်မူရာ၊ လမ်းခရီးဝယ်ဥပကကြီးတက္ကဒွန်းနှင့်တွေ့တော်မူသောအခါ၊

၂၁ မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီ-၅-ဦးတို့အား ဓမ္မစကြာတရားဟောကြားတော်မူသောအခါ၊

၂၂ ယသသူဌေးသားအား တရားဒေသနာ ကိုက်ကျွေးတော်မူဟန်၊

၂၃ ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်တို့အား တရားဓမ္မဟောပြတော်မူဟန်၊

၂၄ ဥရုဝေလညီနောင်သုံးဦး အမှူးပြု၍၊ တထောင်သောရသေ့တို့အားဘုရားအမြိတ်တိုက်ကျွေးဟောချတ်တော်မူဟန်၊

၂၅ ဥရုဝေလစသော တထောင်သော ရဟန်းတို့နှင့် ရာဇဂြိုဟ်ပြည် မိဂ္ဂဝိသာရမင်းကောင်းမှ ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းတော် မူသောအခါ၊ သုဒ္ဓေါဒန မင်းကြီးစေလွှတ်တော် မူသော အမတ် ၉-ယောက်နှင့် တကွ၊ ထောင်သောရဟန်းအပေါင်းအားတရားဓမ္မဟောပြတော်မူဟန်၊

၂၆ ဖွါးဘက်တော် ကာလုဒါယီအမတ်ကို သုဒ္ဓေါဒနမင်းကြီးက ထပ်မံလျှက် မြတ်စွာဘုရားကို အပင့်စေလွှတ်ရာ၊ ကာလုဒါယီ အမတ်က မြတ်စွာဘုရားထံ ဝင်၍ရဟန်းပြုရလျှင်၊ ရအောင် ပင့်ဆောင်ပါမည် လျှောက်

တင်က သုဓမ္မာဒနမင်းမြတ်က ငါ၏သားတော်ကို ဖူးမြင်ရမည်မှန်က ရဟန်းပြုလေဟု အခွင့်ပေးတော်မူ၍ ကာလုဒါယီအမတ် မြတ်စွာ ဘုရား အထံသို့ ရဟန်း ပြုသော အခက်း၊

၂၇ ကာလုဒါယီ မထေရ်က၊ ဂါထာခြောက်ဆယ်သွယ်၍ ဆွေတော်မျိုးတော်တို့ထံပြန်သည် ကြွချိန်တန်ပါကြောင်း လျှောက်၍ ကပိလဝတ်နေပြည်တော်သို့ ရဟန္တာထေရ် ပေါင်းနှစ်သောင်းခြံရံ၍ ကြွတော်မူပြီးလျှင် နိဂြောဓါရုံ ဥယျာဉ်၌စံနေတော်မူဟန်၊

၂၈ ဆွေတော်မျိုးတော်အပေါင်းတို့အား တန်ခိုးပြ၍၊မာန်မာနတို့ကိုနှိပ်နင်းတော်မူလျက်တရားဟောတော်မူဟန်၊

၂၉ ဝါဆိုတော်မူသောအခက်းအစဉ်များမှစ၍၊ ပရိနိဗ္ဗာန်စံတော်မူသည့်တိုင်အောင်အခက်းပေါင်း(၄၉)ရှိသည်၊ ဤအခက်းပေါင်း(၄၉)တို့၌၊စေတီတော် ၄၉ ဆူအကျယ်ဌာပနာတော်မူသည်၊

ဤသို့မဟာဝိဇယရံသီ စေတီတော်ကြီးအတွင်း ဌာပနာသင့်သောစာဟောင်းစာတမ်း ငြမ်းကြီးတဆူ ရှိတော်မူသဖြင့်မကြွင်းမကျန်ဌာပနာတော်မူ၍ သိဟိုဠ်ကျွန်း ဒုဋ္ဌဂါမဏိမင်းကြီးတည်ထားကိုးကွယ်တော်မူသော မဟာစေတီတော်ပုံ၊

ရတနာ ၇ ပါးသီးသောပဒေသာပင်ကိုနှံ့သာမျိုး ၅ပါးရေ ထည့်လျက် ဖန်တကောင်း၌စိုက်၍ လှူဒါန်းတော်မူသည်။

စေတီတော်ကြီးပြီးပြေတော်မူသောအခါ၊ အဝတဆဲ့နှစ်တောင်၊ ၄က်မြတ်နားထိ(၁၈)တောင်ရှိသော ရွှေထီးအာဘွင့်တင်လှူတော်မူသည်၊

ဤသို့ထီးအထွတ်တင်လှူတော်မူသောပွဲကြီးမှာ မဟာပနာဒဇာတ်၌ ပြသောဥပမာကဲ့သို့ ပြောပမဆုံးအောင် ရှိသဖြင့် ထီးတော် တင်ပွဲအခါကိုမှန်နန်းရာဇဝင်တော်ကြီးများ၌ အစဉ်လျှောက်၍ကြည့်ရှုမှတ်သားရာသည်။

ဂင်းမဟာဝိဇယရံသီအမည်တော်ရှိသောပုထိုးတော်ကြီး မြတ်စွာဘုရား ပဌမပစ္စယာ ခါးပတ်သည်၌ ငါးရာ့ငါးဆယ် ဇာတ်တော်ပေါင်းကို ကောင်းမွန်သပ္ပာ စကျင်ကျောက်ဖြူ တွင်ပြုံးပြုအောင် ထုလုပ်တော်မူစေလျက် ကမ္ပည်းအက္ခရာ နှင့်တကွ ဇာတ်တော်အမည်နာမတို့ကို လိပ်တပ်၍တင်အပ် သေချာစွာထားတော်မူစေသည်။

ဒုတိယပစ္စယာခါးပတ်လည်၌လည်းထိုနည်းအတူစကျင် ကျောက်ဖြူတွင် ထုလုပ်စေ၍၊ တေမိဇင်းအဖြစ်ကစပြီးလျှင် မဟာဇနက၊ သုဝဏ္ဏသျှံ၊ နေမိ၊ မဟောသဓါ၊ ဘူရိဒတ်၊ စန္ဒကုမာ၊ နာရဒ၊ ဝိဓူရ၊ ဝေဿန္တရာမင်းအဖြစ်သို့ရောက်အောင် ဆယ်စောင်သောဇာတ်တော်ရုပ်များကိုသည်၊ ကမ္ပည်းအက္ခရာနှင့်တကွလိပ်တပ်၍ထားတော်မူစေသည်။

တတိယပစ္စယာမှာလည်း၊ သမ္ဗုဒ္ဓေမြတ်စွာဘုရားရုပ်ထုတော်များကိုအထက်နည်းထုလုပ်စေတော်မူသည်။

မဟာဝိဇယရံသီစေတီတော်ကြီးတည်ထားသော ကုသိုလ်တော်အကြောင်းအရာကို ပညာ၌ " မဟာသိရိသင်္ဃာစည်သူ " အမတ် ရေးသား ဆက်သွင်းသောသံပိုင်းကျောက်စာကို၊ ကျောက်သား နှုန့်မှာထုစ၍ စေတီတော်ကြီးအနီးတွင် ထုပိုက်တော်မူသည်၊

ကျောက်စာသံပိုင်း။

ဓေ-သတု။ ။ဘုရားရှင်သာသနာတော် ၂၃၆၃-ခု၊ သက္ကရာဇ် ၁၁၈၁-ခု၊ နယုန်လဆန်း-၁၅ ရက်ဘနင်းလာနေ့အခါ စကြဝဠာမင်းဘိုး၏ ဘုန်းသမ္ဘာကြောင့် ဥဿုရ ဘုရကျွန်းမှ ဖြစ်သော ဂရုသာနှင့်အတူ၊ သိဘင်းသိလဲ့သာ မွေ့လျော်သော အာသာဂတိပန်းတန်ခိုင်း၊ ဖြစ်တိုင်းဆက်ဆက်၊ ကောင်းဘက်မကွာ၊ သုဖိ ဘာကဲ့သို့၊ လာသွားကြနှံပြူ၊ စတုသမ္ဘ ပြောင်ရှန်းဘိသော၊ ပြည်လုံးကြွက်သရေ၊ မြေတောဝင်းပတ်၊ နန်းလုံးနတ်ဖြစ်သော မြတ်သော မိဘုရားခေါင်ကြီးနှင့်တကွ ရွှေတောင်ဇမ္ဗူ တက်တော်မူသတည်း၊ ။ရွှေဘောင်တက်ပြီး၊ နိုင်ငံတော်ကြီးအတွင်း၊ နေကင်းကြည်းကင်း ဆိပ်တည်ပွဲ အလှူအတုတ်အရပ်ရပ်ကို၊ ပန်းမျှဘသွင့် မကွန့်မရှောက်၊ မကောက်မစားလွတ်ငြိမ်းစေ၊ ပြည်သူကျိုဥစ္စာကို မျက်မုန်း မကျိုးနှင့်၊ ကျေးဇူးတော်သိ၊ စောင့်ဘိလောဟု၍၊ ငွေကြေး ပိဿာတထောင်၊ စိန်ကြောင်နဝရတ်၊ ပျားပန်းခတ်၏သို့၊ ယင်း ညီမင်းသားမျိုးတော်မတ်တော်တို့အား၊ ငွေပုံကိုယ်စီ၊ ချီစေ

ကာကာ။ ရတနာမိုး။ ကြိုးစေပြီး၍၊ ညေဝတီဝေသာလီစသော
တိုင်းကြီးပြည်ကြီးသီးဆောင်းမင်းတို့အားလည်း၊ ထိပ်တက်
သံမှုိ၊ အကိုယ်အသက်၊ ကျိန်စာနှုတ်၍၊ ချစ်ပိုးကြွေကတ်နှံ၊
အရှုံပါပါ၊ နန္ဒရာဇာမင်းကြီး ထီးနန်း ဖွင့်သော အခါကဲ့သို့၊
ငါတို့ရွှေနန်းသခင် ရွှေဘုန်းတော်မြတ် ထွန်းတောက်ပလတ်
သည်ရှိသော်၊ ဆေးဆဲ့ကိုးယူဇနာ၊ လျှံဖြာဗိတ်စီး၊ ညီးညီး
ရှန်းစက်၊ လ,ဝန်းထွက်သို့၊ မိုက်မျက်မနှည်း၊ ချမ်းရိပ်စည်
လျက်၊ မည်သည်မည်သူ၊ မဟူခြားနား၊ နွားနှင့်သားတိ၊ တရား
မွေ့ပျော်၊ စည်းစိမ်စံပျော်။ ထိုခါရော်ကား၊ ။ဥက္ကဋ္ဌာ
ပုညတေဇေန၊ ကာမရူပဂတိ ဂဘာ၊ ဘဝဂ္ဂတဒ္ဒိသမ္ဘာ၊ ပုန
ဂစ္ဆန္တိဒုဂ္ဂတိ၊ ပါဋ္ဌိပုခပါဌ်၊ ရွှေဥန်းမြတ်နှင့်အညီ၊ ရှစ်ဆယ်သောင်း
လေးထောင်၊ ကုန်အောင်ကမ္ဘာ၊ ဖြဟ္မာမိုးဖျား၊ ဘဝဂ်သား
လည်း၊ လေးပါးဂတိ၊ မှားဘွယ်ရှိ၍၊ ညီးညီးဝင်းဝင်း၊ ခံစား
ခြင်းကား၊ နှင်းပျက်လွယ်၊ အိပ်မက်နှယ်ဘည်း၊ သုသမုဒ္ဒိနွဲ
သိန္ဓေဟာဗန္ဓနာ၊ နိဗ္ဗာန်သာလျှင်၊ အသဉ်ထစစ်၊ ကျေးဇူးနှစ်
တည်း၊ မွေသံဝေဂ။ ပဒဗ္ဗာန်တော်၊ နှိုးဆော်လင့်ဦး၍၊ အမရ
ပူရ ရွှေနန်းတော် အနောက် တောင်ထောင့်၊ အဖြောင့်မရိုး၊
ကောက်လိုက်ချိုးသား၊ တာထိုး ခုနစ်ရာ၊ မြေမျက်နှာထက်၊
သိရိမဟာဓမ္မာတိဇယသီဟသူရ, အမည်တော်ရှိသော ခမည်း
တော် ဥပရာဇာ၊ မယ်တော်ချစ်ဘို့ ကုသိုလ်တော်ဟောင်း၊
ကျောင်းဘော်ရာတံတိုင်းမီးဘားနှင့်တကွကျန်သတ်ရှိခဲ့သည်
ကိုးဘိုးတော်မင်းတရား၊ ကုသိုလ်တော်ပွါး၊ ညွှာခဲ့ထားသော
အားဖြင့်၊ ဟောမမာလာ၊ စေတီရာသို့၊ ညည့်ခါညည့်ခါ၊ တဝါဝါ
လျှင်၊ ဒီပါလာကာဓာတ်၊ ယမိုက်လွတ်သော၊ သရက်တော

ဥယျာဉ်၌၊ သိပ်ဟိုဠ်မဟာစေတီနှင့်အတူစေတီတည်မည်၊ ရည်တော်မူတိုင်း၊ အတိုင်းမသိ ကျေးဇူးတော်ရှိသောမယ်တော်, ခမည်းတော်၊ ဘိုးတော်, ဘွားတော်အားလည်း၊ အကျိုးစီးပွားများစေလိမ့်မည်သောငှာ၊ ရွှန်းဖွင့်တော်မူသည်နှင့် တပြိုင်နက်၊ ဒုတ်ကျောက်သစ်တိုး၊ ထုံးအင်းဘ၊ တော၊ ကံကျွေးလက်ခနေ့ ချိန်ပိုဿာသပြာအကိန်း၊ တသိန်းရှစ်သောင်းငါးထောင့်နှစ်ရာ ကျော် ရွှေတိုက်တော်မှထုတ်၍သက္ကရာဇ် ၁၁၈၁ ခု၊ တန်းခူး လဆန်း ၁၅ ရက်အင်္ဂါနေ့ညဉ့် ၂ ပဟိုရ်ကျော် ဗုဒ္ဓဟူးနေ့သို့အဝင်မကာရလဂ်၊ ကန်းစန်းမိန်၌တနင်္ဂနွေ၊ စနေ၊ ရာဟုမေထုန်၌ အင်္ဂါ၊ မိဿ၌ဗုဒ္ဓဟူးသောကြာ၊ ကရကဋ်၌ကြာသပတေး၊ အကြိုက်ကြိုက်တို့၊ ထိုသို့ထုတ်ခတ်၊ ရဝဟာသမသတ် လထကိကြတ်၍၊ လွတ်လတ်သဲသဲအခါ၊ စည်ကြီး ခရုသင်း၊ ကြေးကျော်ခြင်းတို့ဖြင့် မှူးတော်မတ်တော်အပေါင်းကိုရွှေတုံးရွှင်း၊ ငွေတုံးရွှင်းကိုင်လျက်မြေစနစ်စေပြီး၍၊ သုရားရှင်ကို ဖူးမြင်အံ့ငှာ၊ အဇာတသတ္တုမင်းဇီဝကသရက်ဥယျာဉ်သို့ထွက်သောအခါကဲ့သို့ ရှစ်သောင်းညဉ်းဖျားမိဖုရားနှင့်တကွ သိန်းမကသော၊ ဒုမဗျူဟာ၊ မိုလ်အင်္ဂါတို့ဖြင့်ထွက်စံတော်မူပြီး၊ ဒိသမ္ပတိ မင်းကြီးကိုယ်တိုင် ရွှေဒုတ်ကိုင်လျက် မြေမြစ် ပဌမချတော်မူသည်၊ သဗ္ဗညုတဉာဏ် ကိုရလိုသော ဟူ၍လည်းပတ္ထနာတော်မူသည်၊ ၊စေတီတော်အချင်းဘိနပ် အရပ်ပမာဏ တရာ့နှစ်ဆယ်၊ အလယ်ဗဟို၊ တံသိုတိုင်ဘုး၊ မဏ္ဍိုင်ဦးရှိ၊ ဥကင်နန္ဒမူ၊ ကန့်ကူအပ၊ လေးဌာနထက်၊ တွင်းပြင်သီးသီး၊ ဌာပနာတိုက်ကြီးပြုဆဲဆဲ၌ကြိုက်လေသည်ကား။

ဒုဋ္ဌဂါမဏိမင်းကြီးစေတီ[illegible]

မြစ်နားအုတ်မို့များကို၊ ဘုမ္မစိုးနတ်ဖွတ်အရောင်ဖြင့်ပြတ်၍သို့၊ ရာဇဂြိုဟ်ပြည့်ရှင်မင်းနှင့်တကွ၊ ရှင်မဟာကဿပ၊ ဘုထာဝါဟာနယန္တရားဖြင့်ထားသော ဓာတ်တော်ကို၊ အသောကာဓမ္မရာဇာအား၊ သိကြားကိုယ်တိုင်ပြတ်၍သို့၊ မန္တလေး၊ တောင်အောင်ပင်လယ်အနီးပုဘက်မြို့အရပ်နှိက်၊ နတ်များကွယ်ငုပ်၊ မြှုတ်လျက်ထားသောဓာတ်တော်တို့ကို၊ ပုလဲပန်းကုံးထန်းလုံးခန့်ရှိ တခုသောမြွှသည်၊ ဓာဘရဋ္ဌမျိုးတန်းခိုး ဘုန်းပြ၊ ဟုန်းဟုန်းထလျက်တောင်ပို့တွင်းပေါက်၊ ပျောက်ခဲ့ရဲကား၊ ထိုတွင်ယောက်ကျား၊ နွားကျောင်းသားတို့၊ ပတ္တမြားလက်ဆုပ်၊ ထောင်ထုပ်မျှမျှ၊ တူးဖော်ကြသောအားဖြင့်၊ ဒေဝါနံပိယတိဿရှုပါရာမစေတီတည်ကာ၊ သုမနသာမဏေဆောင်ခဲ့သောဓာတ်တော်ကဲ့သို့၊ တန်ခိုးပြ ဥပဟာနှင့်တကွ ရုံးရုံးစိုက်စိုက်၊ ဘုန်းတော်ထိုက်၍၊ ဝင်ဆိုက်ရောက်လာသော မုန်ညင်းစေ့ ဆံကျိုး ပဲနောက်လုံးရှိ၊ မလေးငုံ့ အဆင်း၊ ခရုသင်းအဆင်းရွှေအဆင်းသုံးပါးနှင့်ပြည့်စုံသောတကွမ်းစားမျှလောက်သောဓာတ်တော်အသိန်းမက၊ ထိုပြင်လည်း၊ ရှစ်စရွတ်မျိုးလက်ရိုးသက်ရုံး၊ ပခုံးမေးဖျား၊ ထိပ်ထက်နားသောသာရီရိကဓာတ်တော်တို့ကို၊ ရွှေကြုတ်ငွေကြုတ်ပတ္တမြားကြုတ်အတွင်းသွင်းတော်မူ၍ ရွှေငွေပယင်း သလင်းပတ္တမြား၊ ကြွယားပုလဲ၊ မျက်ရွဲကြောင်စိန်၊ ဂုန္တနီလာ၊ မာသာရဂလ်၊ ဖန်မှန်စသည်ဖြင့်ပြီးသောအသောင်းမကသော ရုပ်ပွါးတော်စေတီတော်တို့ကို၊ မိကိဗဒ္ဓဏာစေတနာဖြင့် ဥမ္မာနမြောက်အောင်ဌာပနာတော်မူ၍၊ ဒက္ခိဏာချုတ္တရာ–ပစ္ဆိမာဝန်၊ ပုဗ္ဗာဝန်အရံကျောင်းတော်နှင့်တကွ၊ ပြုဘွယ်ကိစ္စမကျန်၊ ဘုန်းကြီးဘုရား၊

ကိုယ်ပွါးပြန်ခေါက်၊ ကြိမ်ကြိမ်ရခဲ့သျက်၊ လုံးပေါက်ပကာဗိ၊ ရိုးခေါင်ထိမျှပြီးစေရသတည်း။ ။ဤသို့လျှင်၊ ထီးဖြူဆောင်းချင်းမင်းကိုလက်အောင်၊ မဇလောက်လေစွ၊ မကုဋ္ဌကုဋ္ဌ၊ ပုညာတိခအပြအပ်သော အောင်တံခွန်ရှိတော်မူသော နိမ္မာန်ဆင်မင်းသခင်၊ ဗွေနန်းရှင်သည်၊ အရိမဒ္ဒနာပြည်ကြီး သခင်ဘေးလောင်းတော် အနုရုဒ္ဓါဒေဝ ခွေစည် ခံဓ္ဓာပနာပွဲ ခေါ်ကဲ့သို့၊ ပဏ္ဍိဒုမသကုလာကိန္နရီခွေချီချိ၍၊ ပဏ္ဍုမြေးတုံကြီး၊ ခွေသီးအထွန်တင်လှူတော်မူပြီး၊ မြတ်သော ဘောင်မိဒ္ဓရားခေါင်နှင့်တကွမင်းသွေပိုးမျိုး၊ မှူးရိုးမတ်ပေါင်းဘို့ကိုသည်း၊ ပုဆစ်တုပ်ခါသာရာကပြိုင်နက် ကြွေးကြော်စေလျက်၊ မဟာပသဝိ ဤမြေနှစ်အား ခွေကရားဖြင့် ရေစက်သွန်းချ တိုင်တမ်းတော်မူသည်၊ သာသနာတော်တည် သမ္မကာလပတ်လုံး၊ မဆုံးမပျက်မဟာဝိဇယရံသီ တံဆိပ်နာမံတော်ရှိသော စေတီတော်ကိုအစွန့်ရှည်စွာတည်ပိမ့်သော ဌာ ဤကျောက်စာသမိုင်းကိုထိုးစေသတည်း။

သံပိုင်းလင်္ကာ။

မင်္ဂလာဗဟို၊ လေးရောင်ပြိုတွင်း၊ မြင်းမိုရ်မြိုး၊ လုံးပြည့်ပြီးလျက်၊ မိုးတခြမ်းပိုင်း၊ တင်း ဘုမ်းမိုင်းသား၊ မြန့်တိုင်းဗမ္မူ၊ သနဲလျက်ဂူဝယ်၊ ခြောင်ဖြူပတ္တယာ၊ ဆဒ္ဒန်တွနှင့်၊ အမရဇေယျ၊ ဗွေဂနန်းတည်၊ ဖြည့်သုံးပြည်ကို၊ အောင်စည်ချုန်းထစ်၊ ဖြုန်းဖြုန်းရင်၍၊ ငါးနှစ်မစဲ၊ ဘိသိက်ခံလျက်၊ အသမ္ဘိန်ဖွေ၊ တည်ထွန်းစေဟု၊ သောင်းနေကိန်းပြည့်၊ ဒိုးဘိမ်းတွည့်သည့်၊ ပွင့်

မည့်သမ္ဗုဒ္ဓါပနာသား၊ မဟာပဌမ၊ မိုက်မူထထက်၊ ဝိဇယရံသီ၊ မော်ကွန်းချိသည့်၊ စေတီတော်မြတ်၊ စည်းခံဃာဟယ်လည်း နာဂတ်သာသနာ၊ ပတ်လုံးကြာအောင်၊ မဟာသဉ်ယာ၊ မဟာသိရီ၊ ပါဠိနှစ်အုပ်၊ စည်သုချုပ်သား၊ ဗဟုဇ္ဈမလို၊ ဝိဂြိုဟ်အနွတ် ဝက်မဝှတ်ကို၊ ရွှေထွက်ရိပ်ငြိမ်၊ ဘုံနန်းအိမ်ဝယ်၊ နှစ်ကြွမ်မိုင်စား၊ သုံးပါးကာသ၊ ဗျာဒိတ်ရသား၊ ဒုတိယတံခွန်၊ တွင်းသင်းဝန်လျှင်၊ မတ်ကျွန်တော်မျိုး၊ စာချင်၊ ထိုးသည်၊ ၊နန်းရိုးဆွေ စာသံပိုင်းတည်း၊

ဤသို့သောကျောက်စာသံပိုင်းကိုမိုက်ထုစေ ျက်၊ နောင်သာသနာတော်အရှည်တည်သ မျှကာလပတ်လုံး၊ စေတီတော်ကြီးမပျက်မစီး တည်စေခြင်းငှာ၊ ကျွန်သီးခေတာ် (၁၀၀) လှူတော်မူသည်၊

ဝဏ္ဏုကံပယ်မြေအများလှူတော်မူလျက်၊ ၎င်းမဟာဝိဇယရံသီစေတီတော်ကြီးပတ်လည်၊ အရှေ့မျက်နှာ ပုဗ္ဗာဝန်၊ အနောက်မျက်နှာပစ္ဆိမာဝန်၊ မြောက်မျက်နှာဥတ္တရာဝန်၊ တောင်မျက်နှာ ဒက္ခိဏာဝန်-ဟူသော ကျောင်းတိုက်ကြီးများကိုလည်း ကောင်းမွန်စွာ ဆောက်လုပ်စေလျက်၊ သင်္ဃာတော်အများ ပရိယတ္တိ ပဋိပတ္တိဘုရားများ အားထုတ်တော်မူကြရန် ထောက်ပံ့ လှူဒါန်းတော်မူ၍၊ သာသနာတော်အကျိုးသည်ပိုးအားထုတ်တော်မူသည်၊

ပုထိုးတော်ကြီးဘုရားသမိုင်းပြီး၏။

ပုထိုးတော်ကြီးဘုရားသမိုင်း-နောက်ဆက်တွဲ။

သာသနာတော်(၂၄၁၆)၊ ကောဇာသက္ကရာဇ်၁၂၃၄ခု နှစ်တွင်၊ ဤမဟာဝိဇယရံသီစေတီတော်ကြီး၌ ထီးတော်အ သွန်ပျက်စီးသည်ကို၊ မန္တလေးရတနာပုံ မြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင်မင်းတရားကြီးသည်၊ ထီးတော်အဝ(၈) တောင်၊ အမြင့်(၁၃)တောင်ထွာရှိပြုလုပ်တော်မူစေ၍ ပုပ္ပါး ဝန်ထောက်ကိုကြပ်မ,တင်လှူတော်မူစေသည်၊ နှစ်စဉ်မပြတ် လည်း ဘုရားပွဲတော်ပြုလုပ် စေလျက်၊ ကုသိုလ်တော်ပုည၊ သဗ္ဗညုတ၊ ဉာဏဒဗ္ဗ၊ သမ္ဘာရအထောက်အဦးကိုပြုတော်မူ သည်၊

ဤသို့ မင်းကောင်းမင်းမြတ်အဆက်ဆက်ပူဇော်ကိုးကွယ် သောမဟာဝိဇယရံသီစေတီတော်ဘုရားဝယ်၊ လေးပါးသော အပါယ်ဘုံ၌၊ ဝေပုံချခံစားလိုသူ၊ အသူသူသောဘုရားသခင် တို့လက်ထက်အခါ၊ ကမ္ဘာအစဉ်အဆက်၊ အထက်ထက်ဘဝ များက၊ မြတ်စွာဘုရားတို့ ဟောကြား မိန့်ဟတော်မူ သော တရားတော်သံ၊ သာရက္ခ ဒေသနာကို၊ တခါဘူးမျှစိတ်ကူး တောင်မရကြဘူးသော၊ ဝဋ္ဋခါဏျာ၊ ဘဝသစ်ဇတ်၊ အရင်း ပြတ်ဘို့သည်၊ ထောင်ထုပ်သောင်းသုဉ်၊ သေးတိုးများဖြစ်ခဲ့ သည့်၊ ဉစ္စာအမွေကိုခွဲဝေယူစားသလို၊ ဗုဒ္ဓဂိုဏ်း,ရာဇဂိုဏ်း၊ ချင်းရိုင်းများမသိသည့်မှာ၊ တထွာလောက်ဝမ်းရေးကြောင့် ကြီးလေးသောအမှုကို၊ ပြုကြသည်ပိတ်ကူး၍၊ အထူးထူးသော နေ့ရက်များ၌၊ ဘုရားကိုးဖေါက်ထွင်းရန်အားထုတ်ကြလျက်၊ နေ့ညဖန်ဖန်၊ တိုင်ပင်ကြံကြ၊ ပါပံ-ပါပေနသုကရံ၊ မှုအမှန်

တရားထွက်၊ စကားမြွက်မပြောစံ့အောင်၊ ရွှံ့ကြောက်ဘွယ်သဲနှုလုံးပြတ်မျှ၊ တကတဲအဆုံးမသတ်ပြုကြသည်ကို၊ ပြည်သူတို့သိရသည်မှာ၊ သာသနာတော်(၂၄၄၉)ကောဇာ-၁၂၆၇ခု၊ တော်သလင်းလမှအစပြု၍ တစတစသိရှိသဖြင့်၊ အစိုးရသခင်အရှင်မင်းများနှင့်တကွ၊ ပြည်သူပြည်သားလူအများတို့၊ ထောက်ထားရှာကြံသိုက်လံဖမ်းဆီး၍၊ အသီးသီးအဖုံဖုံ၊ ရေယမုန်မြစ်ထဲဝယ်၊ ဆွဲယူသောပိုက်ကွန်ပမာ၊ ပါလာသည့်ငါးသဖွယ်၊ ဆေကျယ်စာရင်းမရှိ၊ မိသူမိ-လွတ်သူလွတ်၊ အထွန့်ပရမေ၊ အစိန္တေယျ၊ ရှိန်ဝေထုတ်ပြန့်၊ သုတ်ဂမ္ဘီခန့်ဝယ်၊ ဟုတ်မှန်ရာဟောပြ၊ ဂမ္ဘောဟာဝေရက္ခတိ၊ အချက်သိအကျိုးရှာကြတော့မျိုးမြန်မာဝါဒတရား၊ ကာလမခြား ကျော်ပက္ခပေါ်ထွက်သမျှလ၊ လိုမပြုဘဲ၊ ဆနပိုရ်အမှုဆန်းပက္ခာသို့၊ မြန်းထွက်ပမာတရားအရေးရှုကြတော့၊ ယခုပြုလုပ်ဖျက်ဆီးကြသောအမှုအရာကို၊ သာသနာတော်ဝင်၊ လူရှင်အပေါင်းတို့ ကြားသိရသဖြင့်၊ များစွာသောဂမ္ဘသံဝေဂ၊ ဩတ္တပ္ပစိတ်၊ ယိုဖိတ်စီးဝင်၍ပူပင်တော်မူကြရသည်ဖြစ်ကြောင်း။

ယင်းပျက်စီးဆုံးပါး၊ မတရားသူတို့ဖျက်ဆီးပြုလုပ်ကြသည်ကိုမကြားမသိရသေးကုန်သော သာသနာ့ဂိုဏ်းဝင်လူရှင်အပေါင်းတို့သိရှိကြရန်၊ ပျက်စီးသော ဓာတ်တော်မွေတော်စေတီတော် ဆင်းတုတော် များနှင့်တကွ၊ အစိုးရမင်းမြတ်တို့ထောက်လှမ်း ဖမ်းဆီးရရှိသူတို့ထံမှ၊ ပြန်၍ရရှိသောစာရင်းများကိုရေးသားဆက်လက်ပြလိုက်ပါသည်။

လူဆိုးသူဆိုးတို့ဖျက်ဆီးသဖြင့်ကျန်ရစ်သောစာရင်း။

မြတ်စွာဘုရားဓါတ်တော်၊ ရဟန္တာအရှင်တို့ဓါတ်တော်များ။စိန်ဆင်းတုသုံးလက်မခွဲ—၁၊ ၊သုံးလက်မသုံးသစ်—၁၊ လေးလက်မ—၁၊ ၊ပေါင်းစိန်ဆင်းတု—၃၊ ၊မြဆင်းတု ၆—လက်မ—၁၊ ၊၅—လက်မ—၁၊ ၊၄—လက်မခွဲ-၁၊ ၊ ရွှေဆင်းတု ၃-လက်မ—၁၊ ၊ငွေဆင်းတု ၅-လက်မ—၁၊ ၅—လက်မခွဲ-၁၊ ၊၃-လက်မသုံးသစ်-၁၊ ၊ပေါင်း-၃၊ ရွှေဆင်းတု-၆-လက်မ—၁၊ ၊ဗဟန်းကျောက်ဆင်းတု-၄ လက်မ—၁၊ ၊ပယင်းဆင်းတု-၇-လက်မ-၁၊ ၊သုံးလက်မ ၁၊ ၊လက်မနှစ်သစ်-၁၊ ၊၂-လက်မခွဲ—၁၊ ၊ကြေးဆင်းတု ၆-လက်မ-၁၊ ၊၅-လက်မခွဲ—၁၊ ၊၄-လက်မ-၁၊ ၊၃ လက်မ-၁၊ပေါင်း-၄၊ ၊ရွှေပန်းခိုင်အချိန်-၆-ကျပ် ၈-ပဲ၊ ရွှေငွေဗောဓိပင်—၁၊ ၊ငွေသလွန်တော်—၊

ဌာပနာ၁ပေါက်ဘွင်းသူ့ဘိုလက်ကပြန်ရသောစာရင်း။

ဘုရားပျက်ငွေပြား ၁၁ ၂၀ ၁၊ ၊ငွေဗောဓိပင်ပုံ-၂၀ ၁၊ ငွေသံရောဗောဓိပင်ပုံ ၃၀ ၁၊ ၊ငွေဆင်းတုပျက် ၁၅ ၁၊ ၊ ရွှေအစအနကလေး ၀၂ူး ၁၊ ရွှေဒင်္ဂါးချိန် ၃ူး ၁၊ ၊ငွေ ပြား ၇၀၊ ၊ငွေဆင်းတုပျက် ၁၁ ၇၀ ၁၊ ၊ရွှေရှက်ငွေချက် ၅ ၁၃ပဲ၊ ၊ငွေရိုးငွေချက်များ ၅ ၄ူး၊ ၊ငွေခဲ ၁၁ ၇၀၊ ငှင်းငွေခဲ ၁၁ ၂၀၊ ၊ငှင်းငွေခဲ ၂၀၊ ၊ငွေအစကလေးများ ၆၀၊ ၊ရွှေအစအနကလေး ၇၊ ၊ငွေအစကနေလေးမျ း ၅ တခတ်၊ငွေဆင်းတု ၈ လက်မခွဲ၁၊ ၊၈-လက်မ-၁၊ ၊၇လက်

မ-၄၊ ၊၈-ထက်မ-၁၊ ၊၇-လက်မ-၁၊ ၊၄ လက်မ ၁၁၊ ၄ လက်မခွဲ ၅၊ ၊၅-လက်မ-၉၊ ၊၄ ထက်မ-၁၊ ၊၅လက်မခွဲ-၄၊၄-သက်မခွဲ-၁၊ ၊၅-လက်မခွဲ-၁၊ ၊၄-ထက်မ-၁၀၊ ၃-လက်မ-၁၊ ၊၄-လက်မ-၈၊ ၊၃-လက်မ-၁၊

ဌာပနာဖေါက်ထွင်းခိုးယူသူလူဆိုးတို့ထက်ကပြန်ရသော စာရင်းကျယ်အကြောင်းအကျဉ်းရုံး၍ထည့်လိုက်သည်။

စေတီပုထိုး၊ ဓါတ်တော်၊ မွေတော်၊ ဗောဓိပင်များကို ဖျက်ဆီးသူတို့အပြစ်ကိုပြခြင်း။

စေတီပုထိုး၊ ဓာတ်တော်၊ မွေတော်၊ ဗောဓိပင်များကို ဖျက်ဆီးသူတို့အပြစ်ကို ဗျာနုဝိဘင်းသမ္မောဟဝိနောဒနီအဋ္ဌကထာ ကေဂုတ္တရအဋ္ဌကထာတို့၌၊ ၊အထ-ယေစပရိနိဗ္ဗုတေ တထာဂတေ၊စေတိယံ ဘိန္ဒန္တိ၊ဗောဓိံ ဆိန္ဒန္တိ၊ ဓါတုမှိ ဥပက္ကမန္တိ၊ တေသံ ကိံ ဟောတီတိ ဘာရိယံ ကမ္မံ ဟောတိ အနန္တရိယသဒိသံ-ဟူ၍ပြသည်။

အထ၊ထိုမှတပါး၊၊ ယေစ၊အကြင်ယုတ်မာသောသူတို့သည်၊ပရိနိဗ္ဗုတေတထာဂတေ၊မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုပြီးသည့်ရှိသော်၊စေတိယံ ဓါတု၊ဥဒ္ဒိဿ၊ဓမ္မစေတီ ၃-ပါးကို၊ ဘိန္ဒန္တိ၊ချိုးဖဲ့ဖျက်ဆီးကုန်၏၊ ဗောဓိံ၊ဗောဓိပင်ကို၊ဆိန္ဒန္တိ၊ ဖြတ်တောက်ဖျက်ဆီးကုန်၏၊ ဓါတုမှိ၊ သရီရဓာတ်တော်မွေတော်များ၌၊ဥပက္ကမန္တိ၊ ဖျက်ဆီးမွှေနှောက်ခြင်းငှာအားထုတ်ကုန်၏၊ တေသံ၊ထိုယုတ်မာသောသူတို့အား၊ ကိံ ဟောတိ။ အပြစ်ကြီးစွာအဘယ်သို့ဖြစ်သနည်း၊ ဣတိ၊ဤကား-အမေး

တည်း၊ ကမ္မံ၊ ထိုသူတို့အကုသိုလ်ကံသည်၊ ဘာရိယံ၊ ဝန်လေး လှသည်၊ ဟောတိ၊ ဖြစ်၏၊ အနန္တရိယသဒိသံ၊ လောဟိတုပ္ပါဒက အနန္တရိယကံနှင့်အလားတူသည်၊ ဟောတိ၊ ဖြစ်၏၊

အနန္တရိယကံကို ပြုသောသူတို့သည် အဝီစိငရဲရောက် သကဲ့သို့ စေတိယာဒိဘေဒ ပုဂ္ဂိုလ်တို့လည်း အဝီစိငရဲသို့ဝင် ရောက်ရသည်ဟုလိုသည်၊

စေတီပုထိုး၊ ဓာတ်တော်မွေတော်တို့အား ပူဇော်ကြသည် ကိုကဲ့ရဲ့မြစ်တားခြင်းကြောင့်ငရဲခံရကြောင်းကို၊ ၊တဿာဟံ မေ ဘရိယာစ ဓီတာ သုဏိသာစမေ၊ တာ မာလံဥပ္ပလဉ္စာပိ ပစ္စဂ္ဃဉ္စ ဝိလေပနံ၊ ထူပံ ဟရန္တိ ယော ဝါရေသိ၊ တံပါပံကတံ မယာ၊ ဆဠာသီတိသဟဿာနိ၊ မယံပစ္စတ္တဝေဒနာ၊ ပူဇံ ထူပ ဝိဝဏ္ဏေတွာ ပစ္စာမ နိရယေ ဘုသံ၊ ၊ စူဠဝဂ်၊ ဓါတုဝိဝဏ္ဏ ပေတဝတ္ထုပါဠိတော်၌ဟောတော်မူ၏၊

အယံ၊ ဤနတ်သမီးများကား၊ တဿမေ၊ ထိုအကျွန်ုပ်ရော၏ ကြုပ်သူဌေး၏၊ ဘရိယာစ၊ မယားသည်လည်းကောင်း၊ ဓီတာ စ၊ သမီးသည်လည်းကောင်း၊ သုဏိသာစ၊ ချွေးမသည်လည်း ကောင်း၊ အဟောသိ ဖြစ်ခဲ့ပြီ၊ တာ၊ ထိုသမီး မယား ချွေးမများ တို့သည်၊ မာလံ၊ ပန်းကိုလည်းကောင်း၊ ဥပ္ပလဉ္စာပိ၊ ကြာကို လည်းကောင်း၊ ပစ္စဂ္ဃဉ္စ၊ အသစ်စက်စက်သော၊ ဝိလေပနဉ္စ၊ နံ့သာပျောင်းကိုလည်းကောင်း၊ ထူပံ၊ စေတီသို့၊ ဟရန္တိ ယော ပူဇော်အံ့ငှါဆောင်သည်တို့ကို၊ ဝါရေသိ၊ အရှင်တို့အားပူဇော် ၍အကျိုးမရှိဟုတားမြစ်ပြီ၊ မယာ ငါသည်၊ တံ ပါပံ ထိုမြစ်တား သောမကောင်းမှုကို၊ ကတံ ပြုအပ်ပြီ မယံ၊ အကျွန်ုပ်တို့သည်၊ ထူပပူဇံ၊ စေတီအားပူဇော်ခြင်းကို၊ ဝိဝဏ္ဏေတွာ ကဲ့ရဲ့မြစ်

တား၍၊ ဆဋ္ဌာသီတိသဟဿာနိ၊ အနှစ်ရှစ်သောင်းခြောက်ထောင်တို့ပတ်လုံး၊ ပစ္စတ္တဝေဒနာ၊ အသီးအသီးခံစားအပ်သောဝေဒနာရှိကုန်သည်ဖြစ်၍၊ နိရယေ၊ ငရဲ၌ပမာဆင်းရဲစွာသောပြိတ္တာဘုံ၌ ဘူသံပြင်းစွာ၊ ပစ္စာမိပစ္စာမ၊ ကျော်ရကုန်၏။

သက်တော်ထင်ရှားရှိသောဘုရားအား လှူဘွယ်ဒေယျဝတ္ထုကိုယူစားခြင်း၊ ဆွမ်းစားစရပ်ကိုမီးရှို့ခြင်းကြောင့်ကိုးဆဲ့နှစ်ကမ္ဘာပတ်လုံးငရဲသို့ကျ၍၊ ဤဘဒ္ဒကပ်ကမ္ဘာ၌ကဿပမြတ်စွာဘုရားလက်ထက်တော်မှစ၍ ငါတို့ဂေါတမမြတ်စွာဘုရားရောက်ပွင့်ပြည်သို့ ကြွသည်တိုင်အောင်မစားမဝတ်ရသောပြိတ္တာ ဖြစ်ခြင်း၏အကြောင်းကောင်းမှုကိုပေတဝတ္ထုအဋ္ဌကထာ၌၊ ၊တစ္ဆကဗိဇနာပဋိဟတစိတ္တာအဟေသုံ၊ တဒါနသာ အန္တရာယံကတွာ ဒေယျဓမ္မံ အဘုတ္တာ ခါဒိံသု၊ ဘတ္တသာလဉ္စ အဂ္ဂိနာ ဒဟိံသု၊ ၊ဟု၍ပြဆိုတော်မူ၏။

တစ္ဆ၊ ထိုအလုပ်အကျွေးဖြစ်သောသူတို့တွင်၊ ကေစိဇနာ၊ အချို့သောသူသည်၊ ပဋိဟတစိတ္တာ၊ ထိပါးသောစိတ်ရှိကုန်သည်၊ အဟေသုံ ဖြစ်ကုန်၏၊ ၊တေ၊ ထိုဗိမ္ဗိသာရမင်း၏ ဆွေမျိုးပေါင်းဖြစ်သောသူတို့သည်၊ ဒါနသာ ဗုဒ္ဓဘုရားအားပေးလှူခြင်း၏၊ အန္တရာယံ၊ အန္တရာယ်ကို၊ ကတွာ၊ ပြု၍၊ ဒေယျဓမ္မံ၊ ဗုဒ္ဓဘုရားအား လှူဘွယ်ဝတ္ထုကို၊ အဘုတ္တာ၊ ကိုယ်တိုင်၊ ခါဒိံသု စားကြကုန်၏၊ ဘတ္တသာလဉ္စ၊ ဆွမ်းစားစရပ်ကိုလည်း၊ အဂ္ဂိနာ၊ မီးဖြင့်၊ ဒဟိံသု၊ တိုက်ကြကုန်၏၊

သီဟိုဠ်ကျွန်း ရောဟဏ ဇနပုဒ်၌ဒီဃဝါပီမည်သောစေတီတော်၏ တံခွန်ကုက္ကားသည် လေဖြင့်လွင့်သွား၍သူကြွယ်

တယောက်၏ လယ်အပိုင်းအခြားနှ ကျ၏၊ လယ်ရှင်သူကြွယ် မြင်၍ယူလေလျှင်၊ အက္ခရာတို့ကိုမြင်လျက်သည်းလောဘစိတ် ဖြင့် မစွန့်နိုင်ရကား မိမိအိမ်သို့ ခတ်ရုံ၍သွားလေ၏၊ ထိုသူ ကြွယ်သည် နောင်အခါ သေလွန်လျှင်၊ အထပ် တထောင် ပြောင်ပြောင်တောက်သော သံဖြား ကိုခြုံရုံးသောပြိဿာဖြစ်၍ မဏ္ဍိုမယံ့နှရဟန်းဘသောက် အားကိုယ်ကိုပြသော၏၊ ရဟန်း ကမေးလျှင်၊ အရှင်ဘုရား အကျွန်ုပ်ကား ပြိဿာတည်းဟုဆို၏ အဘယ်မကောင်းမှုကြောင့် ပြိဿာဖြစ်ရသနည်း မေးသော်၊ ပြိဿာသည်းယခင်ပြုသိုအပ်ပြီး သည့်အကို ပြန်းပြော၏၊သင် သည် အဘယ်ကြောင်း၊ဖြင့် ဤပြိဿာဘဝမှ လွတ်အံ့နည်း မေးသော်၊ အရှင်ဘုရား၊ ပုသိုးဘထောင်ကို ကုပ်ကားပြု၍ ဒိယာဝုစတီတော်ကိုပူဇော်ပြုပြီ လျှင် အကျွန်ုပ်အားအမျှဝေ သော် လွတ်ပါလတ္တံ့ ဆို၍ ထိုအရပ်တွင်ပင် ကွယ်လေ၏၊ မသေမီ ပင်ည်း၊ တံခွန်ကုပ်ကား ငါးဆယ်ကို ဒိယာဝုစတီ တော်အားပူဇော်၍ ပြိဿာအား အမျှဝေ၏၊ ပြိဿာသည်း ညအခါလာ၍၊ အရှင်ဘုရား၊ အကျွန်ုပ်အားသံဖြားတထောင် ဖုံးလွှမ်းရာက လက်ရှစ်သစ်မျှ လပ်ပါပြီဆိုသော၏၊ တဘန် လည်း ငါးဆယ်ပူဇော်၍ အမျှဝေပြန်၏၊ ယက်ရှစ်သစ်ရင်း ထပ်ပြန်၏၊ ဤသို့သောနည်းဖြင့် တံခွန်ကုက္ကားတထောင်ပြည့် မှ သံဖြားအကုန်ကွာ၍ ချမ်းသာလေလျှင် ပြိဿာသည် ညဉ့် အခါ လာ၍ အရှင်ဘုရား၊ အကျွန်ုပ်ကား၊ အရှင်ဘုရား မေတ္တာကြောင့် ချမ်းသာပေသည်၊ အကျွန်ုပ်ချမ်းသာသကဲ့ သို့ အရှင်ဘုရားသည်း၊ ဘဝဆက်တိုင်း ချမ်းသာပါစေဟု လျှောက်ဆိုလာကြောင်းကို၊ ထောက ဒိပနီကျမ်းနှ ဆို၏၊

ဤသို့ဖြစ်ခဲ့သော ကျမ်းဂန်အရပ်၊ ဝတ္ထုအရပ်ရပ်တို့ကို ထောက်ထား၍၊ ကြောက်ပါးလိလိ၊ အမိတဂုဏ်၊ သာသနာ ဓာရကာ၊ စတုဝေသာရဇ္ဇစသော ဂုဏ်အင်္ဂါပါင်းနှင့် ပြည့်စုံတော်မူသောမြတ်စွာဘုရား၏၊ မွေတော်ဓာတ်တော် စေတီတော်၊ ဂုဏ်စေတီတော်နှင့်စပ်သောပစ္စည်းများကို၊ ထိပါးနှောင့်ယှက်၊ ဖျက်လိုဖျက်စီး၊ သောဘမ်းဝင်မတွဲကြစေလိုသည်ဖြစ်၍၊ သတိတရားများစွဲထားရန်၊ ရည်သန်ဖော်ပြ လိုက်ပါသည်။

အမရပူရမြို့တည် နန်းတည်၊ ငယ်မည်တော် ဦးဝိုင်း၊ ဗဒုံမင်း၊ ဘိုးတော်ခေါ်မင်းတရားကြီး၏သားတော်စစ်ကိုင်းစား၊ အိမ်ရှေ့မင်းသည်၊ ခမည်းတော်၏ရိုင်ရာကို၊ ၁၁၈၁ခု၊ ဖွန်း တက်သည်နှင့် တပြိုင်နက်၊ " ဤမဟာဝိဇယရံသီ ပုထိုးတော်ကြီး ဘုရား"ကို တည်တော်မူသည်။ ၊တူတော်ဖြစ်ကြသော—မန္တလေးမြို့တည်နန်းတည်—မင်းတုန်းမင်းနှင့် ညီတော်ကနောင်မင်းတို့က—(ဘကြီးတော်သဖြင့်) ဘကြီးတော်ဘုရားခေါ်သည်ကို အစွဲပြု၍၊ ဘကြီးတော်ဟူ၍၎င်း၊ စစ်ကိုင်းမြို့စားရသည်ကို အကြောင်းပြု၍ စစ်ကိုင်းမင်းဟူ၍၎င်း၊မှန်နန်းရှင်ဟူ၍၎င်းခေါ်လေသည်။ ၊နန်းမတော်မိဘုရားခေါင်ကြီးကား—ရေဦးမြို့နယ်သူ အိမ်ရှေ့မင်းအဖြစ်စံစဉ်က အိမ်ရှေ့မိဘုရား—မယ်နုပင်တည်း။ ၊ဤသည်ကား၊နောင်လာနောက်သားတို့၊နားမတွေးရန်-ရာဇဝင်အရပေါ် ပြချက်တည်း။ (အယ်ဒီတာ)